# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏

# " မိမိ၏ လုပ်ဖော်ကိုင်ဘက် ကျန်းမာရေးပညာရှင်ဝန်ထမ်းများအား

# ထပ်လောင်း ကျေးဇူးတင် ဂုဏ်ပြုအားပေးစကား "

# (၃-၁၂-၂၀၂၀)

၁။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ COVID-19 ကုသရေးဌာနများ၊ Quarantine Center များနှင့် ကျန်းမာရေးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပါမောက္ခဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဘာသာရပ်အလိုက် အထူးကုနှင့်ကျွမ်းကျင်ပညာရှင်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ၊ ခါတ်ခွဲ၊ ဓါတ်မှန်နှင့် ဆေးဝါးပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၊ ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အခြားဆေးရုံဝန်ထမ်းများ၊ သန့်ရှင်းရေး၊ လူနာတင်ယာဉ်မောင်းများနှင့် လုံခြုံရေးဝန်ထမ်းများအပါအဝင် တစ်ဦးတစ်ယောက်မကျန် အားလုံးကို ကျန်းမာပါစေရန် ကျွန်တော် နှုတ်ခွန်းဆက် မေတ္တာပို့ပါတယ်။

၂။ မြန်မာနိုင်ငံမှာ COVID-19 ကပ်ရောဂါ ကာကွယ်ရေး၊ တုံ့ပြန်ပြင်ဆင်ရေးနှင့် ကုသရေးလုပ်ငန်းတွေ ဆောင်ရွက်လာခဲ့တာ လာမယ့် ဇန်နဝါရီလဆန်းမှာ (၁)နှစ်ပြည့်တော့မှာဖြစ်ပါတယ်။ ဒီကာလကြီးကို ကျွန်တော်တို့ အတူတကွကျော်ဖြတ်လာခဲ့တဲ့နေရာမှာ ဆရာတို့၊ ဆရာမတို့ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေ၊ စိတ်ခွန်အား ခန္ဓာကိုယ်အင်အားတွေကို အစွမ်းကုန်ပေးဆပ်ပြီး COVID-19 ကူးစက်မှု အနည်းဆုံးဖြစ်အောင်၊ လူနာတွေ ဝေဒနာသက်သာအောင်၊ သေဆုံးမှုနည်းပါးအောင် ကြိုးစားခဲ့ကြတာကို ပြည်သူများအားလုံးလည်း သိရှိနေကြပါတယ်။

၃။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးမှုနဲ့ စီးပွားရေးအခြေအနေအရ ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ နှိုင်းယှဉ်ပါက နည်းပါးတဲ့လစာနဲ့ ခံစားခွင့်တွေသာ ရရှိပေမယ့် အခြားနိုင်ငံကြီးတွေထက် မလျော့ဘဲ Professional ပီသတဲ့စိတ်၊ စေတနာအပြည့်နဲ့ ရောဂါ ပိုးတွေ့လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာတို့၊ ဆရာမတို့ ကျန်းမာရေးဝန်ထမ်း ပညာရှင်တွေအားလုံး၊ အလုပ်မဝင်ရသေးတဲ့ အလုပ်သင်ဆရာဝန်တွေ အားလုံးကို ကျွန်တော့်အနေနဲ့ အထူးလေးစားဂုဏ်ပြုတဲ့အပြင် ဆရာ၊ ဆရာမတို့အတွက် ဂုဏ်လည်း ယူပါတယ်။

၄။ ဆရာတို့၊ ဆရာမတို့ အန္တရာယ်ကင်း လုံခြုံဖို့၊ ရောဂါကူးစက်မခံရဖို့ဟာ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ အရေးကြီးဆုံး ဦးစားပေးကိစ္စရပ် ဖြစ်ပါတယ်လို့ ထပ်မံပြောပါရစေ။ ဆရာတို့၊

ဆရာမတို့အတွက် လိုအပ်မယ့် ရောဂါကာကွယ်ရေးပစ္စည်းတွေ အပါအဝင် ဆေးပစ္စည်းတွေကို အချိန်နဲ့ တစ်ပြေးညီ အတတ်နိုင်ဆုံး ပေးပို့ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံတော်မှလည်း လိုအပ်တဲ့ရန်ပုံငွေများကို ပံ့ပိုးပေးနေပါတယ်။

၅။ ဆရာတို့၊ ဆရာမတို့က ကျွန်တော်တို့အားလုံးရဲ့ ဘုံရန်သူဖြစ်တဲ့ COVID-19 ရဲ့ ဘေးအန္တရာယ်ကနေ လူနာတွေကို ကယ်တင်ဖို့ သူရဲကောင်းတွေအဖြစ် တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ ကျွန်တော်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများဟာ ဆရာတို့ ဆရာမတို့ရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့ အဆင်သင့်ရှိနေတယ်ဆိုတာ ထပ်လောင်း အသိပေးချင်ပါတယ်။

၆။ ဒီအချိန်မှာ အဓိကမှာချင်တာကတော့ -

- မိမိကိုယ်ကို COVID-19 ကူးစက်မခံရအောင် ကာကွယ်ပါ။ လုံးဝသတိမလစ်၊ မပေါ့လျော့စေဘဲ personal protective measures တွေကို အပြည့်အဝသုံးပါ။ အချင်းချင်းလည်း တစ်ယောက်နဲ့ တစ်ယောက် သတိပေးပါ။
- မိမိကျန်းမာရေးကို ပထမဦးစားပေးပြီး အထူးဂရုစိုက်ပါ။

၇။ အခုလို နေ့စဉ် ဝန်နဲ့အားမမျှအောင် တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်း ပညာရှင်များ၊ မိမိသဘောဆန္ဒအလျောက် COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ဆန္ဒပြု တာဝန်ထမ်းဆောင်ပေးကြသော ကျန်းမာရေးဝန်ထမ်းပညာရှင်များ၊ အလုပ်သင်ဆရာဝန်များ တစ်ယောက်ချင်းစီကို အထူးလေးစားပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်။

- ❖ ရောဂါပိုး ကူးစက်ခံထားရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ အမြန်ဆုံးကျန်းမာလာပါစေ။
- ❖ တာဝန်ထမ်းဆောင်နေတဲ့ ဆရာတို့၊ ဆရာမတို့အားလုံး ဘေးကင်းကြပါစေ။
- ❖ မိသားစုများလည်း ဘေးကင်းကြပါစေ လို့ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့သလိုက်ပါတယ်။

**"COVID-19 ဒုတိယလှိုင်းကို ကျွန်တော်တို့အားလုံး အတူတကွ အနိုင်ယူကျော်ဖြတ်ကြပါစို့"**

M.H

3.12.20

( မြင့်ထွေး )

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန